# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပဥ္စမနေ့ အစီအစဉ်

## [ ၂၈–၁–၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ကျောင်းအပ်စကလေးများသည် ကျောင်းအပ်သောအခါ အသက်မပြည့်ပါက သို့မဟုတ် ၂ လ လိုပါက မြို့နယ်ပညာရေးမှူးလက်မှတ်လိုအပ်ခြင်း၊ ၃ လ လိုပါက ခရိုင်ပညာရေးမှူးထောက်ခံလက်မှတ်နှင့် အပ်ရခြင်းများ၊ ကျောင်းထွက်လက်မှတ်ယူပါက မြို့နယ်ခြားပြောင်းလျှင် မြို့နယ်ပညာရေးမှူးထောက်ခံချက်လက်မှတ်ထပ်ဆင့်ယူရခြင်းစသည့် ဟန့်တားချက်များကို ဖြေလျှော့ပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်၍ ဒေသရှားပါးစရိတ် ခံစားခွင့်ပြုထားသော မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူ**

**များအား အဆင့်မြင့်တက္ကသိုလ်ကောလိပ်များနှင့် အဆင့်မြင့်သင်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၏ **အခြေခံပညာ (၁၀)တန်းစာမေးပွဲရမှတ်ဖြင့် တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ခြင်းကြောင့် အခြေခံပညာကလေးများ၏ လက်တွေ့ဘဝဖွံ့ဖြိုးမှုကို ထိခိုက်နေခြင်း အပေါ် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၏ **ကျောင်းသားမိဘ နာမည်ကွဲလွဲမှုများ ဖြစ်ပေါ်နေရာတွင် အမည်မှန်ပြောင်းလဲ ပြင်ဆင်ခွင့်ပြုရန်အတွက် လုပ်ဆောင်ရသော လုပ်ငန်းစဉ်များ ဖြေလျှော့ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်အုပ်စု အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် (၆၀ပေ× ၃၀ပေ) နှစ်ထပ်ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် Right to Recall ဥပဒေကို မည်သည့်အချိန်တွင် လွှတ်တော်သို့ တင်မည်၊ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ကြန့်ကြာနေရသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်က **"ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy)အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။